www.burmeseclassic.com

# ခွင့်လွှတ်ပါ သက်လှယ်ရယ်

ရဲခေါင်

## အခန်း( ၁ )

BURMESE CLASSIC .com

နွယ်နွယ်....... မောင်ဝတ္ထုတွေ ရေးခဲ့တာများပြီ။ မောင်ရေးခဲ့တဲ့ ဝတ္ထုတွေဟာ မောင့်စာဖတ် ပရိသတ်တွေအတွက်၊ ကြိုးစားပြီးရေးခဲ့တာပဲ၊ တစ်စုံတစ်ဦး သီးသန့်ဖတ်ဖို့ရယ်လို့ မရေးခဲ့ဘူး။ အများအတွက်သာ ရည်စူးပြီး ရေးခဲ့တယ်...။

ဒါပေမဲ့ ဒီဝတ္ထုကတော့ နွယ်နွယ်တစ်ယောက်တည်း ဖတ်ဖို့ ရည်ရွယ်ပြီး ရေးတာကွဲ့။ အမှန်က... နွယ်နွယ့်ဆီကို မောင်ကိုယ်တိုင်လာပြီး ရှင်းချင်ပါရဲ့။ ဒါပေမဲ့ နွယ်နွယ့်မျက်နှာကလေးကို မြင်လိုက်ရင်... မောင့်အဆွေးတွေဟာ ကြွကြွပြီး...အဟောင်းတွေ အသစ်ဖြစ်မှာစိုးလို့.... နွယ်နွယ် သိချင်တဲ့အဖြေကို အစွမ်းကုန်ကြိုးစားပြီး ဝတ္ထုကလေးလို ရေးပို့လိုက်တာပဲ။

တချို့ လူတွေပြောကြတယ်။ 'မင်းနဲ့ကိုယ်နဲ့...။ ဒီတစ်သက်တာမှာတော့ ဒါလောက်ပဲ ရေစက်ရှိတယ်ထင်ပါရဲ့...မေ့ကြပါစို့ကွယ်...'ဆိုတဲ့ စကားမျိုးကို မောင်ရေးတဲ့ဝတ္ထုတွေထဲမှာတောင် ရေးထည့်ခဲ့ဖူးပါရဲ့။ ဒါပေမဲ့ နွယ်နွယ်နဲ့မောင်ဟာ... အဲဒီစကားမျိုးကိုတောင် ပြောလို့ရမှာမဟုတ်ဘူး...။ မောင်တို့နှစ်ယောက်ဟာ တစ်ဦးနဲ့တစ်ဦးချစ်ခဲ့လွန်းလို့...မေ့တယ်ဆိုတဲ့စကားဟာ တစ်သက်မှာ မဖြစ်နိုင်တော့ဘူး။ နွယ်နွယ်ဟာ မောင့်အသက်ပဲ... မောင့်တစ်သက်တာခရီးမှာ နွယ်နွယ့်ကိုယ်ကလေးကို မပိုင်ရတဲ့တိုင်အောင်၊ နွယ်နွယ်နဲ့ ချစ်ခဲ့ဖူးတဲ့ အကြောင်းအရာ၊ မမေ့နိုင်ခဲ့တဲ့ အဖြစ်အပျက်ကလေးတွေကို ရင်ခွင်ပိုက်ပြီး နေရမှာပဲ...။ ဒီအဖြစ်၊ ဒီအချစ်ရဲ့ အငွေ့တွေဟာ မောင့်ရဲ့ အသည်းထဲမှာအခိုင်အခန့် စွဲနေပြီမို့ နွယ်နွယ်ကို မေ့လိုက်တာနဲ့ တစ်ပြိုင်နက် မောင့်အသည်းလည်းပျက်ယွင်း၊ ခန္ဓာနဲ့အသက်လည်း ကွေကွင်းသွားလိမ့်မယ်လို့မောင်ယုံကြည်တယ်။ နွယ်နွယ်နဲ့မောင်ဟာ စင်စစ်တော့မဝေးသေးဘူး။

ညတိုင်းလည်း နွယ်နွယ့်ကို အိပ်မက်မက်တယ်။ မနက်တိုင်းလည်း နွယ်နွယ့်ကိုအမှတ်ရတယ်။ ညနေခင်းတိုင်း နွယ်နွယ့်ကိုလွမ်းတယ်။ နွယ်နွယ့်ကိုတွေ့ချင်လိုက်တာလည်း...စိတ်ကိုမနည်းကြီးချုပ်တည်းပြီး တစ်ခါတစ်ရံများဆိုရင် တခြားမြို့တွေကိုသွားနေခဲ့ရတဲ့ အထိပဲ။

နွယ်နွယ့်ဆီ အပြေးအလွှားလာပြီး ဒူးထောက်တောင်းပန်ချင်တယ်...။ "နွယ်နွယ်...မောင်ကိုခွင့်လွှတ်ပါ" လို့ ပြောချင်တယ်။ ဒါပေမဲ့ မဖြစ်နိုင်ဘူး။ အိပ်မက်တွေထဲမှာတောင် နွယ်နွယ့်ဆီပြေးအလာမှာ ဖြိုးဆို၊ လမ်းခလယ်မှာ ပိတ်ပိတ်မှောင်မည်းလောက်အောင် ချောက်နက်ရှိုင်းရှိုင်းကြီးတွေက ကာဆီးထားလေ့ရှိတယ်။ တံတားကလည်းကျိုးနေတော့ စွန့်စားပြီးခုန်တာတောင် ချောက်ကိုမကျော်မိဘဲ...ကျ–ကျပြီး...။

* * *

"ခင်ဗျားပဲရေးပါ ကိုတင်လှိုင်၊ ခင်ဗျားစိတ်ထဲ လှိုက်လှိုက်လှဲလှဲကြီးဖြစ်နေတုန်း ခင်ဗျားရေးရင် အကောင်းဆုံးပေါ့။ ကျွန်တော်ရေးရင် ကောင်းပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် အထက်ပါအတိုင်း တစ်ပိုင်းတစ်စ ကြီးရေးထားသော "ခွင့်လွှတ်ပါ သက်လှယ်ရယ်" ဝတ္ထုအစကလေးကို ပြန်ပေးရင်းပြောလိုက်ပါသည်။ ကိုတင်လှိုင်သည် ထိုစာရွက်ကိုမယူသေးဘဲ ပက်လက်ကုလားထိုင်ပေါ်တွင် မလှုပ်မယှက် ငြိမ်သက်နေပါသည်။

(ကိုတင်လှိုင်မှာ ကျွန်တော်နှင့် ရေးဖက်ဖြစ်၍ စာပေနယ်ပယ်မှ နာမည်ကျော်ကလောင်ရှင်တစ်ဦး ဖြစ်ပါသည်။ သို့ရာတွင် ၄င်းကတောင်းပန်သဖြင့် ကလောင်နာမည်ကို မဖော်ပြဘဲ အမည်ရင်းကိုလည်း လျှို့ဝှက်၍ထားပါသည်)

"မဖြစ်ဘူး ကိုရဲခေါင်၊ ခင်ဗျား ဒုတိယစာပိုဒ်မှာ တွေ့တယ်မဟုတ်လား၊ နွယ်နွယ်တစ်ယောက်တည်းအတွက်လို့ ဆိုတာလေ..."

"အဲဒါ ဘာဖြစ်လဲ...ရေးပြီးသူ့ဆီပို့ပေါ့..."

ကိုတင်လှိုင်သည် ဖြည်းညှင်းစွာ ခေါင်းခါပြပါသည်။ ပြီးလျှင် ကျွန်တော့်လက်ထဲမှစာရွက်ကို ပြန်ယူလျက် သူ၏ ကျဲကျဲနှင့်လှပသော လက်ရေးများကို တငေးတမောကြီး ကြည့်နေပါသည်။

"ကျွန်တော် သူ့ကိုယူပါမယ်ဆိုတဲ့ ကတိကို ဖျက်ခဲ့တယ်။ ဘိတ်ဆုံး သူနဲ့ကျွန်တော် ဖြတ်ကြတော့ သူက ကတိတောင်းတယ်....အဲဒီကတိက သူနဲ့နောက်ထပ်မတွေ့ဖို့၊ နောက်ပြီးဘယ်လိုနည်းနဲ့မှ အဆက်အသွယ် မပြုဖို့ပဲ။ ကျွန်တော်ကပြန်ပြီး ဆက်လိုက်ရင် သူ့မှာအဆွေးဓာတ်နဲ့ အသည်းကျွမ်းတော့မှာပဲ...တဲ့။ ကျွန်တော်လည်း ကတိပေးခဲ့တယ်။ အခု... သူ့ဆီကို ဒီဝတ္ထုကလေး ရေးပို့လိုက်ရင်...ကျွန်တော့်ကတိ ဖျက်ရာကျမယ်။ တစ်ခါက နှစ်ခါအထိ ကတိဖျက်ရင် ဘယ်ကောင်းတော့မလဲ..."

တိတ်ဆိတ်ခြင်းသည် တစ်ခန်းလုံးအတွင်းချဉ်းနင်းဝင်ရောက်လာပါသည်။ ကျွန်တော့်စိတ်အထင်အရ ကိုတင်လှိုင်၏လက်မှ လက်ကိုင်ပဝါကလေး ကြမ်းပေါ်သို့ကျသွားသံကို ကြားလိုက်ရသည်ဟု ထင်ပါသည်။ သို့ရာတွင် တကယ်ကားကြားမိသည်မဟုတ်ပါ။ တိတ်ဆိတ်မှုသာလျှင် ဆူညံစွာဝင်ရောက်လာခြင်း ဖြစ်ပါသည်။

"နောက်ပြီး...သူ ကျွန်တော့်ကိုအထင်လွဲနေတယ်၊ အဲဒီအထင်လွဲနေတဲ့ ကိစ္စတွေကို ဖြေရှင်းလိုက်ချင်တယ်။ ဖြေရှင်းဖို့ဟာ သူ့ဆီလည်း တိုက်ရိုက်မဆက်သွယ်ချင်ဘူး။ သူနဲ့ ကျွန်တော့်ကိစ္စကို ကျွန်တော့်စာဖတ်ပရိသတ်ဆီကို မတင်ပြချင်ဘူး။ ဒါကြောင့် ခင်ဗျားကို စစ်ကူခေါ်တာပဲ"

ကျွန်တော်သည် အတော်ရက်စက်နိုင်သည့် လူစားဖြစ်ပါသည်။ ဂျပန်တစ်ယောက်ကို ခြောက်လက်မ အသွားရှိသည့် ဓားမြှောင်ဖြင့် အေးစက်စွာသတ်ဖြတ်ခဲ့ဖူးသည့် လူရိုင်းတစ်ယောက်ဖြစ်ပါသည်။ ခခယယ ရှိခိုးတောင်းပန် အသနားခံသည့် သူတောင်းစားများကို "ငတ်သေကြရင် မြန်မာပြည်မှာ သူတောင်းစားပြဿနာ လျော့သွားမယ်။ တောင်းမရလျှင် အလုပ်လုပ်ကြမယ်" ဟူသော ဝါဒဖြင့် တစ်ပြားတစ်ချပ်ကလေးမျှ မပေးမကမ်းနေရက်သည့် လူဆိုးတစ်ဦးလည်းဖြစ်ပါသည်။ သို့ရာတွင် ကိုတင်လှိုင်၏အဖြစ်ကို မည်သည့်နည်းနှင့်မဆို ကူညီရန် ဆုံးဖြတ်မိသည့်အလျောက်–

"ကဲဗျာ...ရေးပါ့မယ်..." ဟု ဓာတ်လမ်းကို မကြားခင်ကတည်းက ကတိပေးလိုက်ခဲ့မိပါသည်။ သို့ရာတွင် နားထောင်ရင်း နားထောင်ရင်း စိတ်ဝင်စားလာသည့်အလျောက် သူ့စကားများသည် ကျွန်တော်၏နားဝယ် စွဲစွဲမြဲမြဲ ကျန်နေမိသည့်အတိုင်း အတိအကျနီးပါး ရေးပြရမည်ဆိုလျှင်...။

BURMESE CLASSIC .com

နွယ်နွယ့်ဖေဖေနဲ့ ကျွန်တော့်ဖေဖေဟာ တစ်ဦးနဲ့တစ်ဦး ကျေးဇူးအပြန်အလှန်ရှိကြတယ်။ ခင်ဗျားသိတဲ့အတိုင်း နွယ်နွယ့်ဖေဖေဟာ နိုင်ငံရေးနယ်ပယ်မှာ သိပ်ထင်ရှားပြီး နောက်ဆုံးဝန်ကြီးတောင် ဖြစ်လိုက်သေးတယ် မဟုတ်လား။ အဲဒီလိုထင်ရှားလာတာ ကျွန်တော့်ဖေဖေက ငွေနဲ့ကူပင့်ပေးလိုက်လို့ပဲ။

အစက နွယ်နွယ့်ဖေဖေ ဦးအေးတင်ဟာ အတော်ပဲ ဆင်းရဲခဲ့တယ်...။ ဒါပေမဲ့ ဖေဖေနဲ့ ငယ်သူငယ်ချင်းလည်းဖြစ်ပြန် သူရဲ့နိုင်ငံရေးစိတ်ဓာတ်ကို ကြည်ညိုပြန်ဆိုတော့ ဖေဖေဟာ နောက်ပိုင်းက ငွေအင်အားနဲ့ ကူညီခဲ့တယ်။

ရွေးကောက်ပွဲဝင်တော့လည်း ဖေဖေကအစွမ်းကုန် ငွေကုန်ခံခဲ့တယ်...။ ဒါနဲ့ပဲ ဦးအေးတင်လည်း အမတ် ဖြစ်သွားခဲ့တယ်...။ အဲဒီအချိန်အခါတွေတုန်းကဆိုရင် နွယ်နွယ်နဲ့ ကျွန်တော်ဟာ ကလေးတွေပဲ ရှိသေးတယ်။ တစ်ခါတစ်ရံ နွယ်နွယ်က အိမ်ကိုလာလေ့ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးအေးတင်...အဲဒီလို အခြေခိုင်သွားပြီးတဲ့နောက် ဖေဖေဟာ စီးပွားရေးဘက်က အကျိုးမပေးဘဲ တဖြည်းဖြည်း ဆုတ်ယုတ်သွားခဲ့တယ်...။ တောကဆန်စက်တွေလည်း ရောင်းရ၊ အိမ်တစ်အိမ်ပြီး တစ်အိမ်လည်း ချစ်တီးလက်ထဲပါခဲ့တယ်။ အဲဒီအချိန်မှာ ဦးအေးတင်ဟာ အသေအချာကံလိုက်ပြီး စီးပွားတက်လာတယ်။ နိုင်ငံရေးနဲ့လာဘ်စားတာ မဟုတ်ပါဘူး၊ သူတို့ အမွေဟောင်းတွေရပြီး သူ့ဇနီးရဲ့ကြိုးစားမှုကြောင့် စီးပွား ခိုင်လုံလာတာပဲ။

တိုတိုပြောရမယ်ဆိုရင် အခြေအနေတွေဟာ ပြောင်းပြန်ဖြစ်သွားတယ်။ အရင်က ဖေဖေ့ဆီကို ဦးအေးတင် လာရသလောက်၊ နောက်ကျတော့ ဦးအေးတင်ဆီကို ဖေဖေက သွားရတယ်။ ဦးအေးတင်ရဲ့ ငွေအကူအညီကို ဖေဖေ့မှာ ရှက်ရှက်နဲ့လက်ခံခဲ့ရတဲ့ အထိဖြစ်သွားတယ်...။

အဲဒီအချိန်မှာ ကျွန်တော်ကိုယ်၌လည်း ဦးအေးတင်အိမ်ကို ပါပါသွားပြီး နွယ်နွယ်နဲ့ အထူးပဲ အကျွမ်းဝင်ခဲ့တယ်။ ဦးအေးတင်ကလည်း ကျွန်တော်ကို ချစ်တော့ တစ်ခါတစ်ရံ ကျောင်းပိတ်ရက်တွေမှာ တစ်ပတ်ဆယ်ရက်ဆိုသလို သွားနေခဲ့တယ်။

အဲဒီ ငယ်ငယ်တုန်းက အဖြစ်အပျက်ကလေးတွေဟာ နွယ်နွယ်နဲ့ ကျွန်တော့်အဖို့ အချစ်မှတ်တိုင်ကလေးတွေပဲ။ ကြီးလာတော့ သမီးရည်းစားဖြစ်လာတဲ့အချိန်မှာ နွယ်နွယ်တို့ခြံကြီးက မရမ်းပင်ကြီးပေါ်မှာ တွဲထိုင်ရင်း နွယ်နွယ်က ပြောတာကလေးတွေကို အမှတ်ရမိသေးတယ်။

"မောင်...၊ မောင်နဲ့ နွယ်နွယ်ဟာလေ... မွေးကတည်းက ဖူးစားဖက်လာတယ်ထင်ပါရဲ့။ မောင့်ကို နွယ်နွယ် ချစ်သလောက် မောင်ကလည်းပြန်ချစ်တယ်။ မောင်နဲ့ နွယ်နွယ်ဟာလေ ကလေးဘဝနဲ့တောင် နည်းနည်းကလေးမှ မသင့်မမြတ်ရယ်လို့ မရှိခဲ့ဘူးနော်၊ နွယ်နွယ်ဟာ... မောင့်ဖို့၊ မောင်ဟာ...နွယ်နွယ်ဖို့...လူ့လောကထဲ အဲဒီအတိုင်း ရောက်လာတယ်ထင်ပါရဲ့နော်..."

သူ ပြောခဲ့တဲ့ စကားကို ကျွန်တော်တစ်သက်မမေ့တော့ဘူး။ သူထင်ခဲ့တယ်လေ...ကျွန်တော်တို့နှစ်ယောက် ဒါလောက်ချစ်ကြမှတော့ တစ်သက်မလွဲနိုင်တော့ဘူးလို့။ ဒါပေမဲ့ ကျွန်တော်ကတော့ သစ္စာဖောက်ခဲ့ပြီ။ သူက သူ့တစ်ကိုယ်လုံးဟာ ကျွန်တော်အတွက်ရယ်လို့ ရည်စူးပေးအပ်နိုင်ခဲ့ပေမယ့် ကျွန်တော်ကတော့ ကျွန်တော့်ကိုယ်ကို သူ့ဖို့ရယ်လို့ သီးသန့်ခြင်းမပြုနိုင်ခဲ့ဘူး။

နွယ်နွယ်ဟာ...ငယ်ငယ်ကတည်းက ကျွန်တော့်အပေါ်မြတ်နိုးခဲ့တယ်၊ ချစ်ခဲ့ရှာတယ်။ သူ အိမ်သွားရင် သူ ကစားစရာတွေ အကုန်လုံးပေးတာကအစ သူ စုထားတဲ့ ပိုက်ဆံဘူးကလေးကို ဖောက်ပြီး ကျွန်တော့်အိတ်ထဲ ထည့်ပေးတဲ့အထိပဲ။ ဦးအောင်တင်ကလည်း ကျွန်တော့်ကို အထူးပဲချစ်ပြီး အမျိုးစုံဝယ်ခြမ်းပေးလေ့ရှိတယ်။ သူ့ကို ဖေဖေက ကူညီခဲ့တဲ့အကြောင်းတွေကို ကြားမိလို့ပဲ ကျွန်တော် သိရတယ်။ ကောင်းကောင်းကြီး လူမှန်းသိတဲ့အချိန်ကစပြီး ကျွန်တော်တို့အပေါ် ဦးအောင်တင် ကောင်းတာတွေကိုပဲ ကျွန်တော် အတိအကျ တွေ့ခဲ့တယ်။

ဖေဖေ့အကြောင်း ကျွန်တော်မှတ်မိခဲ့တဲ့ ကိစ္စတစ်ခုလည်း ရှိသေးတယ်။

တစ်ခါက ဖေဖေနဲ့ကျွန်တော် လမ်းလျှောက်ထွက်ကြတယ်။ ကျွန်တော်တို့နေတဲ့နေရာနဲ့ မနီးမဝေးမှာ တောင်ကုန်းမြင့်မြင့်ကြီးတစ်ခု ရှိတယ်။ အဲဒီ ကုန်းပေါ်ကို ကွေ့ကောက်တဲ့ လမ်းတစ်လျှောက်အတိုင်း တက်သွားကြပြီး အမြင့်ရောက်တော့ စိန်ပန်းပင်ကြီးတစ်ပင်အောက်မှာ နှစ်ယောက်သား နားရင်းဆိုသလို ထိုင်ကြတယ်။

"ဟိုမှာ ကြည့်စမ်း...လူလေး..."

ဖေဖေက လက်ညှိုးညွှန်ပြတော့ ကျွန်တော်လည်း လိုက်ကြည့်မိတယ်။ အဝေးဘက်မှာ မြစ်ကြီး... မြစ်ကမ်းနားမှာ မီးခိုးတလူလူ ထွက်နေတဲ့ စက်ရုံကြီးတွေ....

"အဲဒီ စက်ရုံတွေဟာ တို့ပိုင်တဲ့ စက်ရုံတွေ မဟုတ်ဘူး။ နိုင်ငံခြားသားတွေပိုင်တဲ့ စက်ရုံတွေဘဲ၊ တို့မြန်မာတွေတော့ မွဲတေနေကြတယ်။

"တို့တစ်တွေဟာ... အဲဒီ စက်ရုံတွေကို ကြည့်ကြည့်ပြီး အဲဒီလို စက်ရုံတွေကို ပိုင်ချင်လိုက်တာလို့ တောင့်တကြတယ်။ ဒါပေမဲ့ စင်စစ် ကမ္ဘာနဲ့ ချိကြည့်တော့ အခုလူလေး မြင်ရတဲ့ စက်ရုံဟာ အသေးအမွှားကလေးပဲကွဲ့၊ သူတို့နိုင်ငံတွေမှာ ဒီထက်ကြီးတဲ့ စက်ရုံ အမြောက်အမြားကို သူဌေးတစ်ယောက်တည်းက ပိုင်တယ်။ တို့မြန်မာတွေမှာတော့ ဒီလို စက်ရုံစုတ်ကလေး တစ်လုံးတောင် မမြင်ဖူးမှုးမြစ်ထင်နေကြတယ်...."

ဖေဖေက အဲဒီလို ပြောတော့ ကျွန်တော်ဟာ သိပ်နားမလည်သေးတဲ့တိုင်အောင် မျက်ရည်စို့လာခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အရင်ကဆိုရင် ဖေဖေ့မှာ ဆန်စက်ငါးလုံး လယ်မြေဧက အများအပြား အိမ်အလုံး သုံးဆယ်လောက် ရှိတယ်။ အခု တော့ ဖေဖေ့မှာ ဘာမှမကျန်တော့ဘူး။ ဖေဖေဟာ လူမွဲ သာမည တစ်ဦးပဲ။

"လူလေး...မှတ်ထား..." ဖေဖေက ကျွန်တော့်ကို လူကြီးတစ်ယောက်လိုပဲ ဆက်ပြောသွားတယ်။ ကျွန်တော် လည်း ကျောင်းသားသပိတ်တွေနဲ့ တိုးခဲ့ပြီးသားမို့၊ နား လည်နိုင်တယ်။ နောက်ပြီး ခေတ်မြန်မာလူမျိုးတွေရဲ့ နိုင်ငံ ရေး အသိဉာဏ်ဟာ (ဒုက္ခခံရတဲ့လူတွေ ပိုပိ) အမေရိကန် အင်္ဂလန်တို့ထက် စောတယ်။ ငယ်ငယ်ကလေးတည်းက အယူသစ်တွေ ပွားလေ့ရှိတယ်။ ဘယ့်နှယ့်လဲ၊ ခင်ဗျား သဘောမတူဘူးလား။

"လောကကြီးမှာ လူတွေအများကြီးပဲ ရှိကြတယ်။ လူ့လောကထဲကို ရောက်လာကြတယ်၊ နေကြတယ်၊ သေ ကြတယ်။ ဒီလိုပဲ နေပြီးသေသွားတဲ့ လူတွေကြားထဲမှာ တစ်ဖက်ဖက်က ထူးချွန်ခဲ့တဲ့ လူတွေဟာ မသေဘဲ ကျန် ရစ်ခဲ့တယ်။ မင်းတို့ဖတ်စာထဲမှာပါတဲ့ ဘုရင့်နောင်ဆိုတာ သိတယ် မဟုတ်လား"

"ဟုတ်ကဲ့..."လို့ ကျွန်တော်လဲ ဖြေလိုက်ရတယ်။

"အဲဒီ ပုဂ္ဂိုလ်ဟာ မသေဘူး သူ့နာမည်ဟာ တွင်ပြီး ကျန်ရစ်ခဲ့တယ်။ ဒါထက် နိဗ္ဗာန်ဆိုတာဘာလဲ၊ သိလား"

"မေမေပြောတော့ အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတာ ကင်းဝေးပြီး ချမ်းသာသုခ ရခြင်းလို့ ပြောတာပဲ...."

"ကဲ... ဘုရင့်နောင်ရဲ့ နာမည်ဟာ ကျန်ရစ်ခဲ့တယ် သူတစ်ပါးထက် ထူးချွန်တော့ သူ့နာမည်တွင် ကျန်ရစ် တာပဲ။ အဲဒီလို ကျန်ရစ်တဲ့ နာမည်ဟာ ဘယ်တော့မှ အို မှာ–နာမှာ–သေမှာ–မဟုတ်ဘူး၊ အဲဒီ နာမည် မပျောက်ဘဲ ဂုဏ်သရေရှိရှိ ဆက်လက်တည်မြဲနေတာဟာ နိဗ္ဗာန်ပဲ..." လို့ ဖေဖေက ပြောလိုက်တဲ့အခါမှာ ကျွန်တော့်အဖို့ သိပ် ပြီး ခေါင်းရှုပ်သွားတယ်။ ၁၁ နှစ်သား လေးတန်းမှာ ပညာ သင်နေတဲ့ ကလေးဟာ... ဒါတွေ ဘယ်နားလည်နိုင်မလဲ။ ဒါပေမယ့် အသက် ၁၆ နှစ်လောက် ရောက်တော့ ပြန်တွေး ပြီး အဓိပ္ပာယ် ကောက်နိုင်ခဲ့တယ်။ အမှန်ကတော့ ဖေဖေက ကျွန်တော့်ကို လောကီရေးရာကို မြန်မာတွေ နားလည်တဲ့ လောကုတ္တရာအကြောင်းနဲ့ ခေါင်းထဲစွဲကျန်ရစ်အောင်ဟော ခဲ့တာပဲ။

"အဲဒီတော့ လူလေးလည်း ထူးချွန်အောင် ကြိုးစား၊ ရိုးရိုးမွေး....ရိုးရိုးနေ....ရိုးရိုးသေရမယ်ဆိုရင် အင်မတန် လူဖြစ်ရှုံးတယ်။ အဲဒီတော့ ပညာကို စုံအောင် ကြိုးစားသင်၊ ပညာစုံတော့ ထူးချွန်တဲ့ အလုပ်ကို ကြိုးစားလုပ်။ လူလေး နောက်ကြီးပြင်းပြီး သေသွားတဲ့ အခါမှာ လူလေးနာမည် ကို လူတိုင်းရဲ့ ပါးစပ်ဖျားမှာ ကျန်ရစ်ပါစေ၊ အထူးသဖြင့် ဖေဖေ တိုက်တွန်းချင်တာ တစ်ခုရှိတယ်....."

ဖေဖေက အဲဒီလို ပြောပြီးတော့ စက်ရုံကြီးဆီကို မျက်နှာမူလိုက်တယ်။ ဝင်နေတဲ့ နေရောင် နီနီကြီးဟပ်လို့ ထင်ပါရဲ့၊ သူ့မျက်နှာဟာလည်း နီရဲနေတာပဲ။

"ဟောဟိုစက်ရုံမျိုးထက် အဆပေါင်းများစွာ သာတဲ့ စက်ရုံကြီးတွေကို အမြောက်အမြားပိုင်ဆိုင်အောင် ကြိုးစား၊ နောက်ပြီး အဲဒီစက်ရုံတွေမှာ အလုပ်လုပ်ကြတဲ့ အလုပ် သမားတွေရဲ့ အဆင့်အတန်း တိုးတက်ပြီး မြန်မာလူမျိုး တိုင်း လူတန်းစေ့ နေနိုင်ဖို့ ကြိုးစားစေချင်တယ်"

ဖေဖေ ဆိုလိုတာကတော့ တိုင်းပြည်ကို စက်မှု လက်မှု နိုင်ငံသစ်ကြီးအဖြစ် တည်ထောင်ပြီး မြန်မာတွေရဲ့ နေမှု ထိုင်မှု တိုးတက်ရေးပါပဲ။ ဒါပေမဲ့ ကျွန်တော် နားလည်အောင် ကြိုးစားပြီး ပြောရှာတာပါ။

အဲဒီလို သူပြောတဲ့နေ့ကစပြီး ကျွန်တော့်စိတ်ထဲမှာ ရည်မှန်းချက်ဟာ သူ့ရဲ့ တိုက်တွန်းချက်အတိုင်းပဲ။

* * *

ကျွန်တော့်အသက် ၁၃–နှစ်မှာ ဖေဖေအနိစ္စ ရောက်ခဲ့ တယ်။ အဲဒီအခါမှာ ဦးအေးတင်ကပဲ မေမေနဲ့ ကျွန်တော့် ကို ဆက်လက် ကြည့်ရှုထားတယ်....။ နောက်တစ်နှစ် လောက်အကြာမှာ မေမေ နောက်အိမ်ထောင်ပြုတယ်။

သူ အိမ်ထောင် ပြုတာကတော့ မိန်းမသားပီပီ အား ငယ်လို့၊ အထူးသဖြင့် ကျွန်တော် ပညာပြည့်ဝရေးအတွက် အားကိုးအားထား ရှာတာပါ။ ဒါပေမဲ့ ကျွန်တော်က ဦးအေးတင်ကို အထူးရင်းနှီးပြီမို့ ဦးအေးတင်ဆီက ငွေကို သုံးဖို့ပဲ လိုလားတယ်။ မေမေ ရှင်းပြတာတွေကို နားမလည် ခဲ့ဘူး။

ဒါနဲ့ပဲ စိတ်ဆိုးပြီး အိမ်မှာ မနေချင်ဘူးဆိုပြီး မေမေ့ ဆီမှာ ဦးအေးတင်က အခွင့်တောင်းပြီး ကျွန်တော့်ကို ခေါ် ထားခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအခါမှာ တင်မာနွယ်ဆိုတဲ့ နွယ်နွယ်နဲ့ ကျွန်တော်နဲ့ အလွန်အကျူး ရင်းနှီးကြတာပဲ။ နွယ်နွယ်က စာ သိပ်တော်တယ်၊ နဂိုကတည်းက ဉာဏ်ကောင်းတာကိုး၊ ကျွန်တော်ကလည်း ကြိုးစားတယ်။ ကျောင်းမှာနေရင် မပေါလွင်လို့မဖြစ်ဘူးဆိုတဲ့ ဖေဖေ့စိတ်ထားမျိုးနဲ့ ကြိုးစားတော့ အမြဲတမ်း အတန်းထိပ်ကပဲနေခဲ့တယ်။ ညညကို စားပွဲတစ်လုံးတည်း စာကြည့်ရင်း ရင်းနှီးသည်ထက် ရင်းနှီး၊ ချစ်သည်ထက် ချစ်သွားကြတယ်။

တစ်ညပေါ့....

ကျွန်တော်တို့ နှစ်ယောက်စလုံး ဂနာမငြိမ် ဖြစ်နေခဲ့ကြတယ်။ ဖြစ်ပုံက နွယ်နွယ့်သူငယ်ချင်းတွေ ညနေခင်းက လာလည်ကြတယ်။ အဲဒီအခါမှာ ကျွန်တော်ကစန္ဒရားတီး (ကျွန်တော် ငယ်ငယ်ကလေးကတည်းက တီးတတ်တယ်) ကျွန်တော်က စန္ဒရားတီး၊ နွယ်နွယ်က ဆိုနေတုန်းဆိုတော့ သူတို့က နောက်ကြတာပဲ။

နောက်ပြောင်ကြတဲ့ အချိန်မှာ ကျွန်တော် မရှိဘူး။ ခြံထဲဆင်းသွားတုန်း ပြောင်ကြတာ။ ညကျတော့ စာကြည့်စားပွဲမှာ နွယ်နွယ်က အသံတုန်တုန်နဲ့ ပြောပြတယ်....

"ဟိုကောင်မလေးတွေ သိပ်ဆိုးတာပဲ"တဲ့။

"ဘာဖြစ်လို့လဲ...."

"ဟာ...အလကား ဝိုင်းစ နေကြတယ်..."

"ဘယ်လိုစလို့လဲ..."

ကျွန်တော်လည်း စာအုပ်ထဲ စိတ်ဝင်စားနေရာက မေးလိုက်တော့၊ နွယ်နွယ့်ဆီက အဖြေမရဘူး၊ ဒါနဲ့ ခေါင်းမော်ကြည့်လိုက်တာ နီမြန်းနေတဲ့ သူ့မျက်နှာကလေးကို သွားတွေ့ရတယ်။

"ဘယ်လိုစလို့လဲ..."

ထပ်မေးလိုက်တော့ နွယ်နွယ်ဟာ တိတ်သွားပြီး သူ့ဖေဖေဘက်ကို လှမ်းကြည့်လိုက်တယ်။ သူ့ဖေဖေက အဝေးကြီးမှာ ပက်လက်ကုလားထိုင်နဲ့ စာဖတ်နေတယ်။

နွယ်နွယ့်ကိုယ်ကလေးကို ရှေ့တိုးလိုက်ပြီး တိုးတိုးကလေး ပြောရှာတယ်။

"ကိုတင်နဲ့ နွယ်နွယ်ဟာ မောင်နှမ မောင်နှမနဲ့ တော်တော်ကြာ ဟိုဒင်းဖြစ်နေမယ်တဲ့..."

ပြောပြီးပြီးချင်း သူဟာ ရှက်ရှက်နဲ့ ခေါင်းငုံ့သွားရှာတယ်။ ကျွန်တော်လည်း ထူပူပြီး ဘာဖြစ်သွားမှန်းလည်း မသိဘူး။ ခေါင်းကြီး အောက်စိုက်သွားတယ်။

အခု ဘေးလူတွေက ပြောလိုက်မှ သတိထားမိတာကလား၊ နွယ်နွယ့်ကို ကျွန်တော်ချစ်ပုံဟာ တစ်စတစ်စ အမူပြောင်းလာပြီဆိုတာ အဲဒီအချိန်ကျမှ ဖြူးခနဲ သိလိုက်တယ်။ ငါ သူ့ကို ညီမလို ချစ်နေတာ မဟုတ်ဘူး..."ဟိုလို" ဆိုတာ တစ်ခါတည်း ယူဆလိုက်မိတော့တယ်။

အဲဒီလိုပဲ တော်တော်ကြာကြာကြီး ငြိမ်နေခဲ့မိတယ်။ အတော်ကြာမှ....

"နောက်...နောက်ပြီး...."

လို့ နွယ်နွယ်က ဆက်လိုက်ပြန်တော့ ကျွန်တော်လည်း သွေ့သွေ့ခြောက်ခြောက်နဲ့....

"ဆ...ဆို...ပါ...ဦး...."လို့ ထစ်ထစ်ငေါ့ငေါ့ကြီး ပြောလိုက်တယ်။ နွယ်နွယ်နဲ့ ကျွန်တော် အကြည့်ချင်း ဆုံသွားတယ်။ သူလည်း ကျွန်တော့်လိုပဲ ဖြစ်နေရှာတယ်။

ဒီတစ်ခါတော့ သူပဲ ခေါင်းငုံ့သွားတယ်။ ကျွန်တော်ကတော့ သူ့ကို စူးစူးစိုက်စိုက်ကြီး ကြည့်နေခဲ့တယ်။ အတော်ကြာတဲ့တိုင်အောင် အဖြေမရဘဲ နေရာက အတော်ကြာမှ....

"အို...ရှက်စရာကြီး..."လို့ တိုးတိုးကလေး ပြောပြီး ထသွားတယ်။

နောက်တစ်နေ့မှာ ကျွန်တော်ဖြင့် ဆရာ့အကြိမ်းချည်းပဲ ခံနေရတာပဲ။ ခံရတော့မှာပေါ့၊ စာကိုမကြည့်နိုင်ဘဲ သူ့အကြောင်းကိုပဲ တွေးတွေးနေတာကို အသက်က ၁၄–၅ နှစ်။ အတန်းကလည်း ၇ တန်းလောက် ရောက်ပြီဆိုတော့ ဒါမျိုးတွေကို နားလည်စ ပြုနေရတဲ့အထဲ အခုမှ တွေးလိုက်တိုင်း သူ့ကိုချစ်မိပြီဆိုတဲ့အကြောင်းဟာ အထင်အရှားကြီး ပေါ်ပေါက်လာတော့တာကိုး။

အဲဒီနေ့ညမှာ ကျွန်တော်က သူ့ကို အတင်းအကျပ်မေးတော့ သူက ဘေးပတ်ပတ်လည်ကို ကျီးကန်းတောင်းမှောက် ကြည့်တယ်။ နောက် ဘယ်သူမှမတွေ့တော့လေသံသဲ့သဲ့ကလေးနဲ့ "ကိုတင်က နွယ်နွယ့်ကို မွေးမွေးပေးသလားလို့ မေးကြတယ်..."လို့ ပြောပြီး ရှက်ကိုးရှက်ကန်းနဲ့ ကုလားထိုင်မှာ ထိုင်ချလိုက်တာ နေရာမကျဘဲ ချော်သွားတယ်။

ကုလားထိုင်ရော လူရော ဒလိမ့်ခေါက်ကွေး ကျ သွားတဲ့အခါမှာ ကျွန်တော်လည်း ကြောင်နေရာက ပြေးပြီး

www.burmeseclassic.com

www.burmeseclassic.com



ထုပေးမိတယ်။ သူ့ကို အဲဒီနေ့ညက ကိုင်ရတာ သိပ်ထူးသလိုပဲ၊ အရင်နဲ့မတူဘူး။ ရင်ထဲ တဒိန်းဒိန်းနဲ့ ခုန်သွားတယ်။ လူကြီးတွေလည်း လိမ့်ကျသံကြားလို့ အိမ်ရှေ့ပြေးထွက်လာကြတယ်။ နောက် ကုလားထိုင် ထိုင်တာချော်သွားမှန်းသိတော့မှပဲ ရယ်မောပြီး ပြန်ဝင်သွားကြတယ်။

ကျွန်တော့်ရင်ထဲမှာ တဒိန်းဒိန်းနဲ့ ဖြစ်နေပြီး စာကိုပဲကြည့်ချင်ဟန်ဆောင်နေခဲ့တယ်။ ဒါပေမဲ့ ရင်ထဲမှာရှိတဲ့ယမ်းအိုးကြီးမှာလည်း ပေါက်ကွဲသွားပြီမို့၊ ထိုင်ရာကထပြီး သူ့ကုလားထိုင်ဘေး သွားရပ်လိုက်မိတယ်။ သူကလည်းမရဲတရဲကြီးနဲ့ မော်ကြည့်ရှာတယ်။

"နွယ်နွယ်....နွယ်နွယ့်ကို ကိုတင်ချစ်တယ်..."

ကျွန်တော် တိုက်ရိုက်ကြီး ပြောချလိုက်တယ်...။ ပြောပြောဆိုဆိုနဲ့ ငုံ့ပြီး သူ့ကို နမ်းလိုက်တာ သူလည်းဖြုံးခနဲ လန့်ပြီး နောက်ဆုတ်လိုက်တော့ လွဲသွားတယ်။ အဲဒီလိုနေတုန်း ဖြုံးဆို အခန်းထဲက သူ့မေမေ ထွက်လာတော့ နွယ်နွယ်ဟာ ဖြတ်ထိုးဉာဏ်နဲ့...

"ကဲ...ကြည့်...ကြည့်..."လို့ ပြောပြောဆိုဆို ငိုက်သွားတဲ့ ကျွန်တော်ခေါင်းကို ဆွဲပြီး၊ မျက်စိနဲ့ စာအုပ်ကိုကပ်ပြလိုက်တယ်...။ မြင်ပြီလား... ကမ်းစပ်မှာ ရပ်နေတဲ့လူထက်၊ တောင်ပေါ်က လူကပိုပြီး ဝေးဝေးမြင်နိုင်တယ်။ အဲဒါကို ချင့်ကြည့်ရင် ကမ္ဘာဟာ လုံးတာပေါ့..."ဆိုပြီးပထဝီ ငြင်းနေပုံလိုလို လုည့်လုပ်ပစ်လိုက်တယ်...။

ကျွန်တော်လည်း အသာကလေး ငြိမ်ပြီး၊ ကိုယ့်နေရာ ကိုယ်ပြန်ထိုင်နေလိုက်ရတယ်။ အဲဒီနေ့ညမှာဆိုရင် ကျွန်တော့်ရင်ထဲ တထိတ်ထိတ်နဲ့ ကြောက်နေသလောက် သူ့မျက်လုံးတွေဟာတော့ တောက်ပဝင်းလက်နေခဲ့တယ်။

* * *

နောက်နေ့ညနေ ကျောင်းကအပြန် လက်ဖက်ရည်ပွဲမှာ သူနဲ့ကျွန်တော် ဆုံကြတယ်၊ ကျွန်တော်က ရှိန်းပြီးခေါင်းငုံ့ထားတယ်။ ခေါင်းငုံ့ထားတုန်း သူ့လက်ကလေးဟာ စားပွဲအောက်က လျှိုလာပြီး ကျွန်တော့်လက်ထဲကိုစာရွက်ခေါက်ကလေး ထည့်လိုက်တယ်။

ဖြုံးခနဲဆိုတော့ ကျွန်တော်လည်း အံ့အားသင့်သွားတယ်။ ပြီးမှ လက်ဖက်ရည်တောင် မသောက်နိုင်ဘဲ ထမင်းစားခန်းထဲက ထွက်ပြေးသွားမိတယ်။

ထမင်းစားခန်း အပြင်ဘက် ရောက်တာတောင်အတော်ကြီး အကျပ်ရိုက်နေသေးတယ်။ နောက်ကျ လွတ်လပ်တဲ့နေရာ စဉ်းစားလို့မရတာနဲ့ အိမ်သာထဲ ပြေးဝင်ပြီးစာကို ဖွင့်ဖတ်ကြည့်လိုက်တယ်။

"ကိုတင့်ကိုလည်း နွယ်နွယ်ချစ်ပါတယ်..."တဲ့။

ဝမ်းသာလိုက်တဲ့ ဖြစ်ခြင်းဗျာ...။ အိမ်သာထဲမှာ အဲဒီစာကလေးကိုပဲ မျက်စိအောက်က ပျောက်သွားမှာစိုးလို့တအားကြီး စူးစိုက်နေမိတယ်။

ကျွန်တော်နဲ့ သူ ၁၄–၅ နှစ် အရွယ်လောက်မှာအဲဒီလို သမီးရည်းစား ဖြစ်လာခဲ့ကြတာပေါ့...။

BURMESE CLASSIC .com

အဲဒီအချိန်မတိုင်မီကတည်းကစပြီး ကျွန်တော်ဟာစာရေးဝါသနာပါတဲ့အတိုင်း၊ ဝတ္ထုတွေ ရေးရေးပြီး စာအုပ်တိုက်တွေကို ပို့နေခဲ့တယ်။ ဒါပေမဲ့ မစွံခဲ့ဘူး။ တချို့တိုက်တွေကတော့ ပြန်ပို့တယ်။ တချို့တော့ စုံးစုံးမြုပ်တာပဲ။

ဒါပေမဲ့ နွယ်နွယ်နဲ့ ချစ်ကြိုးသီပြီးတဲ့ အချိန်က စပြီးကျွန်တော်ဟာ စာရေးတဲ့နေရာမှာ အတော်ကလေးလက်သွက်လာတယ်။ ကျွန်တော်ရဲ့ပထမဝတ္ထုတိုကလေးဟာ ဂျာနယ်တစ်စောင်မှာ ပါလာတယ်။ နာမည်ကတော့"ချစ်သမျှကို"တဲ့။ အဲဒီဝတ္ထုကလေး ဖွဲ့သွားတာဟာ စိတ်ပါလက်ပါရေးတဲ့အပြင်၊ အထူးသဖြင့် နွယ်နွယ်နဲ့ ကျွန်တော့်အကြောင်းကို သွယ်ဝိုက်ရေးထားတာပဲ။ ကျွန်တော့်မှာဖြင့်ဝမ်းသာလိုက်တဲ့ဖြစ်ခြင်း။ ဒါပေမဲ့ အိမ်သားတွေကဖတ်ကြည့်ကြတဲ့အခါမှာ ရိပ်မိသွားတယ်။

"ချစ်သမျှကို"ဝတ္ထုပါလာတဲ့အခါမှာ နွယ်နွယ်နဲ့ကျွန်တော်ဟာ ဝမ်းသာလို့ကို မဆုံးဘူး။ အခေါက်ခေါက်အခါခါ ပြန်ပြန်ဖတ်ကြလို့ စာအုပ်ကလေးဟာ နွမ်းကြေရတဲ့အထိပဲ။ တင်မာနွယ်ရယ်လို့ ဝတ္ထုထဲမှာ မရေးတဲ့တိုင်အောင် ခင်ခင်ကြွယ်လို့ ရေးထားပုံတွေ။ မောင်တင်လှိုင်အစား မောင်အေးကြိုင်လို့ ရေးထားပုံတွေကိုကြည့်ပြီးအမျိုးမျိုး ပီတိဖြစ်ရုံတင်မကဘူး။ ငါဟာ တစ်နေ့ နိုင်ငံကျော်စာရေးဆရာကြီး ဖြစ်လာမယ်။ ဖြစ်လာရင် တင်မာနွယ်နဲ့ ယူနိုင်မယ်။ ဆယ်တန်းအောင်မှာနဲ့ အတော်ပဲရယ်

www.burmeseclassic.com

www.burmeseclassic.com



လို့ တွက်ဆနေမိတယ်။ (အခုမှ စာရေးဆရာဘဝဟာ ဘိုင်ကျလုချည့်လားလို့ မြင်ရတာ)

ဒါပေမဲ့ အခုအချိန်အခါမှာ လူကြီးတွေက အလွတ်မပေးတော့ဘူး။ ညညဆိုရင်လည်း စာကြည့်စားပွဲနဲ့ မနီးမဝေးမှာ တစ်ယောက်ယောက် နေလေ့ရှိတော့ လစ်ကို မလစ်တော့ဘူး။ ခါတိုင်းဆိုရင် နွယ်နွယ့်လက်ကလေးကို လှမ်းယူပြီး လက်ခုံကလေးကို မွှေးလေ့ရှိတယ်။ အခုတော့ လုပ်လို့မရတော့ဘူး။

အဲဒီလိုနေတုန်း ဦးအေးတင်ဟာ ဝန်ကြီး ဖြစ်သွားတယ်။ ဒါနဲ့ပဲ ရန်ကုန်မြို့ပေါ် တက်နေဖို့ ဖြစ်လာတယ်။ တစ်အိမ်လုံးမပြောင်းဘူး။ ဦးအေးတင် တစ်ယောက်တည်းပြောင်းတဲ့အခါမှာ ကျွန်တော့်ကို ဦးအေးတင်နဲ့ လိုက်နေဖို့ စီစဉ်လိုက်ကြတယ်။ သူတို့အဆိုကတော့ "မင်းဦးလေးမှာ ကူဖော် လောင်ဖက်ရအောင်"လို့ ဆိုတာပဲ။ ကျွန်တော်က "စာမေးပွဲအပြီးအထိ နေပါရစေဦး"လို့ ပြောတာတောင် မရဘူး။ နောက်တစ်နေ့ ကျောင်းကိုသွားပြောတော့ ကျောင်းက ကျွန်တော်ဟာ အတန်းထဲမှာ အတော်ဆုံးမို့ အတန်းတင်ပေးပြီး ကျောင်းထွက်လက်မှတ် ထုတ်ပေးလိုက်တယ်။ (ဦးအေးတင် ဝန်ကြီးဖြစ်တာကြောင့်လည်း တစ်ကြောင်းပေါ့ဗျာ။)

ဒါနဲ့ပဲ ကျွန်တော်နဲ့တင်မာနွယ် ခွဲနေကြဖို့အကြောင်း ဖြစ်လာတယ်။

ခွဲရတဲ့ နေ့က၊ သူတို့ ဘူတာရုံကို လိုက်ပို့ကြတယ်။ ကျွန်တော်တို့ဟာ သီးသန့်တွဲကြီးမှာ ထိုင်နေကြတော့ သူတို့အိမ်သားတွေက မီးရထားစင်္ကြံပေါ်ကနေပြီး နှုတ်ဆက်စကားတွေ ပြောနေကြတယ်။ လူကြီးတွေကတော့ ဦးအေးတင်နဲ့ပဲ ပြောနေကြတော့ သူဟာလွတ်လပ်ပြီး ကျွန်တော်နဲ့ စကားပြောရတယ်။ နောက်ဆုံး "မောင် မကြာမကြာ စာရေးနော်"တဲ့။ အဲဒီ စကားအပြင်၊ ကျွန်တော့်မှာလည်း သူ့ကို ကြည့်ပြီး ရင်ထဲဆို့၊ မချိတင်ကဲကြီး ဖြစ်သွားတယ်။ အသည်းကို အပ်နဲ့အမွှန်းခံရသလို အနေရခက်သွားတုန်း ဖြုံးဆို ရထားကြီးလည်း တရွေ့ရွေ့ ရွေ့လာခဲ့တော့တာပဲ။

ရန်ကုန်မှာ နေတုန်း၊ ကျွန်တော်လည်း နွယ်နွယ့်ဆီကို စာမကြာမကြာရေးတယ်။ ဒါပေမဲ့ လူကြီးတွေ ဖွင့်ဖတ်မှာစိုးလို့၊ ရိုးရိုးပဲ ရေးရတယ်။ သူ့ကို လွမ်းသမျှ အတိုးချုပြီး စာတိုကလေးတွေ ရေးရေးပြီး ဂျာနယ်တိုက်ကိုပို့တာ အဲဒီစာတိုတွေ လေးစောင်မှာ သုံးစောင်လောက် ပုံနှိပ်တာခံရတယ်။ ဒါကတော့ ကျွန်တော့် အကျင့်ပဲ၊ ကိုယ့်ကိုယ်တွေ့ကလေးတွေ စွတ်ပြီးရေးရင် ရေးသမျှ လူကြိုက်များတာပဲ၊ (အခုလည်း အဲဒီအတိုင်းပါပဲ။) အဲဒီစာတွေကို ဂျာနယ်ကတစ်ဆင့် ဖတ်ပြီး၊ နွယ်နွယ့်ခမျာ အလွမ်းပြေနေခဲ့ရတယ်။ ကျွန်တော်ကတော့ သူရေးတဲ့ စာကလေးတွေနဲ့၊ သူ့လက်ကိုင်ပဝါကလေးတွေကို ပေါင်ဒါ၊ ရေမွှေးတွေနဲ့ ကြိုင်နေအောင် တရိုတသေသိမ်းပြီး၊ ကိုယ်စားကြည့်ကြည့်နေခဲ့ရတယ်။

နွေရာသီ ကျောင်းပိတ်ရက်ကျတော့ ဦးအေးတင်ကို အခွင့်တောင်းပြီး ပြန်သွားတယ်။ အဲဒီလို ပြန်ရပေမယ့် ငါးရက်လောက်ပဲ နေရတယ်။ နောက် ရန်ကုန်ကို ပြန်လာရတာပဲ။ အဲဒီအခါမှာ ကျွန်တော်ဟာ ဦးအေးတင်ကို စိတ်ဆိုးမိသလိုတောင် ရှိခဲ့သေးတယ်။

ပြန်အသွားမှာ သူ့မျက်နှာကလေးကို မြင်လိုက်ရတာ သဲကန္တာရထဲသွားနေတုန်း ဖြုံးဆို စမ်းရေကလေးကို တွေ့လိုက်ရသလိုပဲ။ မှောင်ထဲမှာသွားနေတုန်း ထိန်ခနဲ လက်သွားတဲ့ မီးရောင်ကလေးလိုပဲ စိတ်ထဲရွှင်လန်းပြီး သွားခဲ့တယ်။ သူနဲ့ နေခဲ့ရသမျှ နာရီတွေ၊ လူကြီးတွေက အလစ်မပေးတဲ့ တိုင်အောင် သူ့မျက်နှာကို တစိမ့်စိမ့်ကြည့်ပြီး စကားပြောနေရတာတွေဟာပဲ ကြည်နူးစရာ ကောင်းလှပါပြီ။

ဒါပေမဲ့ ဒီနေ့အထိမေ့မရတဲ့ အဖြစ်ကလေးကတော့ သူနဲ့ကျွန်တော် ဒုတိယအကြိမ် ခွဲခွာကြရပုံပဲ။

ကျွန်တော်ပြန်ဖို့ အချိန်နီးတော့ လူကြီးတွေဟာ အိမ်ရှေ့မှာမရှိကြဘူး။ ရှောင်ပေးကြတယ်ထင်ပါရဲ့။

ကျွန်တော်ဟာ သားရေသေတ္တာကို ပြင်ပြီး အခန်းဝမှာ ချထားပြီးပြီ။ ဒီတစ်ခါ ခွဲခွာတဲ့အချိန်မှာတော့ အရင်ကလို အဖြစ်မခံနိုင်ဘူး။ ခွဲတဲ့အချိန်မှာ သူနဲ့မျက်နှာချင်းဆိုင်ရရင် ရင်ထဲဆို့ပြီး လမ်းတောင်လျှောက်နိုင်မှာ မဟုတ်ဘူး။

ဒါကြောင့်...

"နွယ်နွယ်... နှုတ်မဆက်ပါနဲ့ကွယ်...။ ကိုတင့်ကို မကြည့်နဲ့သိလား။ ဟို... ချစ်တင္ဝေ့ဝေ့သီချင်းကို အစကနေ အဆုံးထိ တီးပြစမ်းပါ။ ကိုတင် ဒီနောက်ကရပ်ပြီး နားထောင်နေမယ်။ နောက်ကို သီချင်းမဆုံးမချင်း ကြည့်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မကြည့်နဲ့နော်။ သေသေချာချာ တီးပြစမ်းပါအချစ်ရယ်…" လို့ ပြောလိုက်မိတယ်။ ကျွန်တော်ရော တင်မာနွယ်ရော စန္ဒရားကို ငယ်ငယ်ကတည်းက တီးတတ်တယ်။ အခုမှ ကျွန်တော်က အခြားတယောတို့ ဘာတို့ပိုတတ်သွားတာ။ နွယ်နွယ်လည်း နားလည်သွားတယ်။ သူလေ… ကျွန်တော် စိတ်မကောင်းဖြစ်မှာစိုးလို့ ကျွန်တော့်ကိုတောင်မကြည့်ဘဲနဲ့၊ စန္ဒရားကို သွားဖွင့်ပြီး ထိုင်လိုက်တယ်။

"နေညိုချိန် တိမ်ပြာပျံဝဲကာရယ်… ချိုသာသီကာဆိုတေး မြိုင်ရှာပေတယ်… ကောင်း…ကင်မှာကွယ်၊ ငှက်ကလေးတွေ ပျံနေတယ်၊ လွမ်းမှုန်မပြယ်၊ ချစ်ဟောင်းကို ပြန်နေတယ်၊ မေ့ပလားကွယ်…."

ဆိုပြီး အဲဒီအစပိုဒ်ကလေးလည်း တီးရော ကျွန်တော်လည်း ခြေဖျားထောက်ပြီး အပြင်ထွက်ခဲ့တယ်။ သူကတော့ ကျွန်တော် နောက်မှာရှိသေးတယ်ထင်ပြီးနေတုန်းပဲ။ အပေါက်ဝမှာ ကျွန်တော် တစ်ခါ လှည့်ကြည့်သေးတယ်။ ဒါပေမဲ့ စိတ်တင်းပြီး ဖွတ်ထွက်လာခဲ့တာပဲ။ ဝင်းဝရောက်တော့… ပြန်ကောက်ရတဲ့အပိုဒ်….

"တက်ငယ်ကလေးတွေစုံညီ…. အဏ္ဏဝါကျော်ဖို့ကွယ်… မယ်နဲ့မောင်ဖြင့် ကြံရွယ်…. မေ့နိုင်အားလေတယ်…"

ဆိုတဲ့ အပိုဒ်ကလေးကို ကြားရသေးတယ်။ ဆိုတီးတာ မဟုတ်ပေမဲ့ တီးလုံးကလေးတွေဟာ စကားလိုပဲ ပီပီသသကြီး ပေါ်လာတော့ ရင်ထဲနင့်ခနဲ ဖြစ်သွားသားပဲ။ ဒါပေမဲ့ ပထမတစ်ခါ ခွဲရပုံထက် ပိုပြီးသက်သာတယ်။ နွယ်နွယ့်အဖို့မှာလည်း ကျွန်တော် နောက်မှာ ရှိသေးတယ်လို့ယူဆပြီး တီးလုံးလေးတွေ ဆက်တီးနေတာ အဆုံးသတ်တဲ့ နောက်လှည့်ကြည့်ခါမှ မတွေ့တော့ဘဲ ဖြစ်သွားတယ်တဲ့။

BURMESE CLASSIC .com

ကျောင်းပိတ်ရက်အလွန်၊ ကျွန်တော့်ကို ရန်ကုန်ကျောင်းတစ်ကျောင်းမှာအပ်တော့ ကျွန်တော်လည်း စာတွေကို အားပါးတရ ကြိုးစားနေခဲ့တာနဲ့ ဂျာနယ်တွေထဲမှာ ကျွန်တော့်စာတွေ မပါတော့ဘူး။ ဒါပေမဲ့ သူနဲ့ စာပေးစာယူတော့ မပျက်ခဲ့ပါဘူး။

အဲဒီနှစ်မှာတော့ သူနဲ့ကျွန်တော် စာနဲ့သာ ဆက်သွယ်နေခဲ့တော့တယ်။ တစ်နှစ်လုံးလုံး မတွေ့ခဲ့ရဘူး။ သီတင်းကျွတ်ကျောင်းပိတ်ရက်မှာ ကျွန်တော်တို့ကျောင်းသားတွေ နယ်လှည့်ထွက်တုန်း၊ သူက ရန်ကုန်ကို လာလည်တယ်။ အဲဒီအခါမှာ ကျွန်တော်တို့ အလွဲကြီး လွဲသွားတယ်။

ရှစ်တန်းနဲ့ ကိုးတန်းကို တစ်နှစ်တည်း အောင်နိုင်တဲ့အတွက် ကျောင်းပိတ်ရက်အပြန်မှာ မျက်နှာပန်းအတော်ပွင့်ခဲ့တယ်။ သူတို့အိမ်ကလည်း ဦးအေးတင်က ပြောထားလို့ပဲလားမသိဘူး။ ကျွန်တော့်ကို သိပ်အရေးပေးထားပြီး ခါတိုင်းထက်၊ နွယ်နွယ်နဲ့ လွတ်လွတ်လပ်လပ် နေခဲ့ရတယ်။

ကျွန်တော် ဆယ်တန်းရောက်တဲ့နှစ်မှာ ဦးအေးတင်လည်း ဝန်ကြီးရာထူးကထွက်ရပြီး၊ မြို့ကလေးကို ပြန်သွားတော့ ကျွန်တော့်မှာ ကျောင်းအိပ်ကျောင်းစားအဖြစ်နေခဲ့ရတယ်။

ဒီအတောအတွင်းမှာ အလွန်ထူးခြားတဲ့ အဖြစ်အပျက်ကြီးတစ်ခု ဖြစ်လာပြန်တယ်။

မေမေဟာ… နောက်အိမ်ထောင်ပြုပြီးနေခဲ့တာကို မှတ်မိမှာပေါ့။ အဲဒီလူဟာ နောက်တစ်နှစ်အကြာမှာ အနိစ္စရောက်သွားခဲ့ပြီးတဲ့နောက်… ကျွန်တော် ဆယ်တန်းစာမေးပွဲ ဖြေနေတုန်း မေမေ့မှာ ထူးထူးချွန်ချွန် ထီပေါက်တယ်။ ထီကတော့ နှစ်သောင်းဆုပဲ၊ ဒါပေမဲ့ နှစ်သောင်းဆိုတဲ့ ငွေဟာ နည်းသလားဗျာ။ ကျွန်တော်တို့အဖို့လေ…။

ဒီအခါမှာ မေမေက၊ ဦးအေးတင်ဆီ သွားပြီး အကျိုးအကြောင်းသွားပြောပြတယ်။ သူ့ဒုတိယခင်ပွန်းရဲ့ ပစ္စည်းနဲ့ပဲ ဖူလုံတောင့်တင်းနေပြီ။ ပထွေးရဲ့ငွေကို ကျွန်တော်က တစ်ပြားတစ်ချပ်မှ မသုံးမှာမို့ အရင်ကမထောက်ပံ့ခဲ့ပေမယ့်၊ ဒီ ငွေနှစ်သောင်းကိုတော့ သန့်သန့်ရှင်းရှင်းဖြစ်တဲ့ငွေမို့၊ ကျွန်တော့်ဆီကို အပို့ခိုင်းတယ်။

ကျွန်တော်က ပထမတော့ ဖွတ်အတင်း ငြင်းပါသေးတယ်။ ဒါပေမဲ့ အမေကထီပေါက်လို့ ပေးတဲ့ငွေကို ငြင်းပြီး၊ သူစိမ်းရဲ့ငွေကို စားနေရမယ်ဆိုတော့ ရှက်စရာကောင်းတဲ့အပြင် လာပြောတဲ့သူကလည်း ဦးအေးတင်ကိုယ်တိုင်ဖြစ်နေတော့၊ မပယ်ရှားနိုင်တော့ဘူး။ အဲဒီနေ့ကစပြီး၊ ကျွန်တော့်စရိတ်နဲ့ ကျွန်တော် ကျောင်းနေလာနိုင်ခဲ့တယ်။

ကျွန်တော် ဆယ်တန်းမှာရှိတုန်းပဲ မြို့ခနဲ စစ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လာတယ်။ ဒီဇင်ဘာလကပဲ အိမ်ပြန်ဖို့ဟာ ကျောင်းအုပ်ကြီးက၊ တားထားတာနဲ့ ဆက်နေခဲ့ရတယ်။ ဇန်နဝါရီလလောက်မှာ ပြန်ကျောင်းဖွင့်ပေမယ့် ကျောင်းသားလည်းနည်းသွားပြီး။ ဂျပန်တွေ စစ်တောင်းရောက်ပြီဆိုမှ ကျွန်တော်လည်း မြို့ကလေးကို ပြန်ပြေးတော့တာပဲ။ မြို့ကိုပြန်ရောက်တော့ နွယ်နွယ်တို့ မရှိတော့ဘူး။

အမှန်က ဦးအေးတင်ဟာ ဂျပန်တွေကို အထူးစက်ဆုပ်ပြီး ဂျပန်ဆန့်ကျင်ရေး တရားများ အစဉ်ဟောနေခဲ့တဲ့လူ ဖြစ်လို့၊ ဂျပန်စစ်ဖိနပ်သံကြားတာနဲ့ ၁၅ မိုင်ပြင်နက်တစ်နေရာကို လျှို့ဝှက်ထွက်ပြေးနေတာကိုး။ တခြား ဘယ်သူ့ကိုမှ ပြောမသွားဘဲ အတူပြေးရမယ့် အိမ်သားတွေကိုပဲ အသိပေးခဲ့တယ်။ ဖက်ဆစ်ဝါဒကို လေ့လာဖူးတဲ့ လူပီပီ ခြေရာပျောက် ပြေးရှာတာပဲ။

ကျွန်တော့်မေမေလဲ... အထက်အညာက သူ့ဆွေမျိုးတွေဆီ ပြေးပြီ။

ဒါနဲ့ ကျွန်တော်လည်း သူငယ်ချင်း တစ်ယောက်နဲ့နေခဲ့တယ်။ ရန်ကုန်ကို ဂျပန်သိမ်းပြီးစမှာ ပြန်လာပြီး... ခေတ်ပျက်ပွဲစား လုပ်နေခဲ့တယ်။

ဂျပန်ခေတ်တုန်းက၊ မြို့ကလေးကို တစ်ခေါက်ပြန်သွားသေးတယ်။ သူတို့အိမ်မှာ ဂျပန်တွေတက်နေပြီး၊ အိမ်ထောင်ပရိဘောဂ၊ ဝရံတာ၊ တံစက်မြိတ်တွေလည်း ထင်းဆိုက်တာနဲ့ ကုန်ပြီ။ နောက်ပြီး ဦးအေးတင် ဘယ်မှာရှိသလဲလို့ ကင်ပေတိုင်တွေ လိုက်စုံစမ်းနေတယ်ကြားတာနဲ့ ကျွန်တော်လည်း ရန်ကုန်ကို တန်းပြီးလစ်ပြေးလာခဲ့ရတယ်။ ဂျပန်တစ်ခေတ်လုံးပါပဲဗျာ... သူတို့အကြောင်း လိုက်စုံစမ်းရ၊ ဆုတောင်းရ၊ လွမ်းရတာနဲ့ပဲ စိတ်ချမ်းမြေ့တယ်မရှိခဲ့ပါဘူး။

ပြန်တွေ့တာကတော့ ဂျပန်ပြေးပြီးမှပဲ...

ဂျပန်ပြေးပြီး ၃ လလောက်အကြာမှာ သူတို့ ရောက်ကောင်းရောက်နေမှာပဲလို့ ကျွန်တော် မြို့ကလေးကို ပြန်သွားကြည့်တော့၊ အိမ်နေရာမှာ ပြာပုံပဲတွေ့ရတယ်။ ဂျပန်တွေက သူတို့အိမ်ကို တမင်သက်သက် မီးရှို့သွားတာသိရတဲ့အပြင် မြေကွက်ကိုလည်း ဒေါ်ဒေါ်ကိုယ်တိုင် မကြာမီက လာပြီး ရောင်းသွားတယ်လို့ သိရတယ်။ မြေကွက်ဝယ်တဲ့လူတွေကို တစ်ဆင့်ပြန်ပြီး စုံစမ်းကြည့်တော့၊ နွယ်နွယ်တို့ ရန်ကုန်ကုက္ကိုင်းဘက်မှာနေတဲ့အကြောင်း၊ ဦးအေးတင်ကို ဂျပန်များ မိသွားပြီး ကင်ပေတိုင်လက်မှာ အစတုံးသွားပြီဖြစ်တဲ့ အကြောင်းတွေကို အားလုံးသိရတယ်။

ဒါနဲ့ပဲ ကမန်းကတန်း ရန်ကုန်ကို ပြန်ပြေးလာပြီး ကုက္ကိုင်းမှာလိုက်ရှာတဲ့အခါ ကုက္ကိုင်းလမ်းနံဘေး ကုန်းမြင့်ပေါ်က တဲစုတ်ကလေးတစ်လုံးမှာ သူတို့သားအမိတစ်တွေကို သွားပြီးတွေ့ရတယ်။

တဲရှေ့က လှမ်းပြီး မေးလိုက်တဲ့ အခါမှာ သူကိုယ်တိုင်ပဲ ထွက်လာတာ မြင်ရတော့၊ ကျွန်တော့်ရင်ထဲ အနင့်သား ဆို့သွားတယ်။ ဝန်ကြီးဟောင်းတစ်ဦးရဲ့သမီးဟာ အခုလို တဲစုတ်ကလေးတစ်လုံးမှာ ဆင်းဆင်းရဲရဲ နေနေရတာ တွေ့ရတော့ ဘယ့်နှယ် စိတ်ကောင်းနိုင်ပါ့မလဲ၊ ကျွန်တော့်လို ချစ်သူအချင်းချင်း မဟုတ်တဲ့ ကြားလူတောင်မှ မချိတရိ ဖြစ်သွားမှာပဲ။

"ကိုတင်..."ဆိုပြီး သူ ဝမ်းသာအားရ ခေါ်လိုက်ပုံကလေးဟာ ရေနစ်နေတဲ့ လူတစ်ယောက် ကယ်မယ့်လူကို လှမ်းခေါ်လိုက်တဲ့ အသံကလေးနဲ့ တူတယ်လို့ ကျွန်တော် ထင်မိတယ်။

ကျွန်တော်လည်း ရင်ထဲဆွေးတမြေ့မြေ့ကြီးဖြစ်သွားပြီး ဝင်သွားမိတယ်။ အဲဒီနေ့က အိမ်မှာ အိမ်သားတွေ စုံပေမယ့် သူ့ဖေဖေဖြင့် မရှိတော့ဘူး။ သူတို့တစ်တွေဟာလည်း ငိုယိုပြီး ဦးအေးတင်ကို ဂျပန်တွေ တွေ့သွားပုံ၊ ခေါ်သွားပြီး ပြန်မလာပုံ၊ သူတို့ကိုယ်တိုင်လည်း မနည်းကြီး ထွက်ပြေးလာရတဲ့ အကြောင်းတွေကို ပြောတယ်။ နွယ်နွယ့်မေမေက အခု အလှကုန်တွေ ရောင်းတဲ့ ဆိုင်တစ်ဆိုင် ဗဟန်းဘက်မှာ ဖွင့်ထားတယ်။

ကျွန်တော်လည်း အတော်ကြာကြီးပဲ စကားတွေပြောပြီး နေခဲ့တယ်။ နွယ်နွယ်ဟာ အရင်ကနဲ့ မတူတော့ဘူး။ ပိုပြီး လှနေပုံပဲ။ ငယ်ငယ်ကမှ အပျိုဖြန်းပီပီ မပြေမပြစ်ရှိခဲ့သေးတယ်။ အခုကျတော့ ပြည့်ပြည့်ဝဝနဲ့ အားပါးတရကြီး လှနေတယ်။

အဲဒီနေ့ကစပြီး သူတို့အိမ်ကို အစဉ်ပဲ သွားသွားနေခဲ့တယ်။ သွားနေပြီး အရင်က ခေတ္တရပ်နားနေခဲ့ရတဲ့ အချစ်စခန်းကို ပြန်ပြီးဖွင့်ရတော့တာပဲ။

သူ့ဆီသွားတိုင်းလည်း အများအားဖြင့် လွတ်လပ်တယ်။ လွတ်လပ်တဲ့အတွက်လည်း တစ်ဦးနဲ့တစ်ဦး တမ်းတတယ ပွေ့ဖက်ပြီး စကားတွေကို နှုတ်ခမ်းနဲ့ရော၊ မျက်လုံးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ရော၊ ပါးတွေနဲ့ရော ပြောနေလေ့ရှိခဲ့တယ်။ အဲဒီအခါမှာလည်း တင်မာနွယ်က သူ့လက်သုံးစကားကလေးကို သုံးပြန်တယ်။

"ကိုတင်…ကိုတင်နဲ့ နွယ်နဲ့ ကွဲနေတာ အကြာကြီးပဲနော်။ ဒါနဲ့များတောင် တစ်ယောက်နဲ့တစ်ယောက် မေ့မသွားဘဲ ချစ်ကြတုန်းပဲ။ ကိုတင်ဟာ နွယ်နွယ်ဖို့… နွယ်နွယ်ဟာ ကိုတင်ဖို့ ဒီလောကကြီးကို အဲဒီအတွက်ပဲရောက်လာကြတယ် ထင်ပါရဲ့နော်…" ဆိုတဲ့ စကားကလေးကို တမြတ်တနိုး ပြောရှာတယ်။ ဒါပေမဲ့ နောက်ရက်များမကြာမီပဲ ကျွန်တော် သစ္စာဖောက်လိုက်ရဖို့ကိစ္စ ဖြစ်လာခဲ့တယ်။

တစ်နေ့ သူနဲ့ ကျွန်တော် နှစ်ယောက်တည်း လမ်းလျှောက်ကြတယ်။ ကုက္ကိုင်းက ကုန်းမြင့်ကလေးတွေပေါ်လမ်းလျှောက်ရင်း ကျွန်တော် တစ်စုံတစ်ရာကို သွားသတိရနေမိတယ်။ ဘာကို သတိရနေမှန်း မသိပေမဲ့ ရင်ထဲလှုပ်ရှားစပြုနေတာကိုတော့ ကောင်းကောင်းကြီး သတိပြုမိတာပဲ။

တစ်နေ့ရာကျတော့ ကျွန်တော်တို့နှစ်ယောက်နားကြပြီး၊ စိမ်းလန်းတဲ့ မြက်ခင်းပေါ်မှာ ထိုင်လိုက်ကြတယ်။ ကျွန်တော်မှာလည်း "ငါ ဘာများ အမှတ်ရနေပါလိမ့်"လို့ တွေးပြီး အဝေးဘက်ကို ငေးကြည့်လိုက်တော့… ဟို..အဝေးတာမွေဘက်ဆီက စက်ရုံခေါင်းတိုင်ကြီးတွေကို လှမ်းမြင်မိတယ်။ အဲဒီတော့မှ ကောင်းကောင်းသတိရတော့တယ်။

"အဲဒီတော့ လူလေးလည်း ထူးချွန်အောင် ကြိုးစား၊ ရိုးရိုးမွေး ရိုးရိုးနေ ရိုးရိုးသေရမယ်ဆိုရင် အင်မတန်လူဖြစ်ရှုံးတယ်။ ဒါကြောင့်မို့ ပညာကို…" ဆိုတဲ့ ဖေဖေ့စကားတွေဟာ ကျွန်တော်နားထဲ အစီအရီ ဝင်လာကြတယ်။ ကျွန်တော့်ရင်ထဲလည်း နင့်တင့်တင့်ကြီးဖြစ်လာတာနဲ့ စကားမပြောနိုင်တော့ဘူး။

"ဟောဟို…စက်ရုံမျိုးထက် အဆပေါင်းများစွာ သာတဲ့ စက်ရုံကြီးတွေ အမြောက်အမြားပိုင်ဆိုင်အောင်ကြိုးစား …နောက်ပြီး အဲဒီစက်ရုံတွေမှာ…အလုပ်လုပ်ကြတဲ့ အလုပ်သမားတွေရဲ့….."

ဖေဖေ့စကားတွေဟာ တိုးသည်ထက် တိုးပြီး ပေါ်ပေါက်လာခဲ့တယ်၊ ကျွန်တော်ဘေးနား ဖေဖေကိုယ်တိုင်ရောက်လာပြီး ပြောနေသလိုပဲ။ သူကလည်း ကျွန်တော်ကို တိုက်တွန်းခဲ့ဖူးတယ်။ အခုထက်ထိ ကျွန်တော် ဘာလုပ်ရသေးသလဲ။ ဝတ္ထုကလေးနည်းနည်းပါးပါးရေး၊ ကုန်သည်လုပ်ငန်း တောက်တိုမည်ရလုပ်၊ အသက်လဲ ၂၀ ကျော်ခဲ့ပြီ။

"ကိုတင်…ဘာတွေစဉ်းစားနေသလဲ…"

တင်မာနွယ်က ပြုံးပြီးမေးလိုက်တယ်။ သူ့အဖို့တော့ ချစ်သူနဲ့ တွဲနေရလို့ မျက်လုံးတွေဟာ တလက်လက်၊ အသားအရည်တွေဟာလည်း ရှိန်းရှိန်းနေတယ်။

"ဘာမှ မစဉ်းစားပါဘူးကွယ်"လို့ ကျွန်တော်လည်း အနိုင်သား ပြုံးပြီးတော့ ဖြေလိုက်ရပေမယ့် ရင်ထဲမှာတော့ ဗလောင်ဆူနေခဲ့တယ်။

တင်မာနွယ်ကတော့ သူ့ဘေးမှာရှိတဲ့ မြက်စိမ်းတွေ၊ သာယာတဲ့ကုန်းမြင့်၊ ရောင်စုံပြေးနေတဲ့တိမ်၊ မိုးပေါ်မှာ ပျံနေတဲ့ငှက်… ဒါတွေကို ကြည့်ပြီး ကြည်နူးနေပုံပဲ။ ဒါပေမဲ့ ကျွန်တော့်စိတ်ကတော့ ဟိုအဝေးမှာရှိတဲ့ စက်ရုံတွေရဲ့မည်းမှောင်တဲ့ မီးခိုးတွေထဲမှာပဲ တဝဲလည်လည် ဝဲနေခဲ့ရပြီ။

ဒါကြောင့် နွယ်နွယ့်ကို ကျွန်တော် အဆက်ဖြတ်ခဲ့တယ်။ အံ့သြသွားသလား။ ဟုတ်တယ်လေ၊ အံ့သြရင်လည်း အံ့သြစရာပဲ။ ကျွန်တော်ရေးတဲ့ ဝတ္ထုတွေထဲမှာ ယောကျ်ားကလေးနဲ့ မိန်းကလေးကွဲရင် သေကွဲ သို့မဟုတ် မိဘဖျက်လို့… သို့မဟုတ် ချစ်ရန့်ပြယ်သွားလို့… ယုတ်စွအဆုံး အထင်လွဲကြလို့ ကွဲကြတယ်လို့ ရေးဖူးတယ်။ ဒါပေမဲ့ ရည်မှန်းချက်အတွက် ချစ်လျက်နဲ့…အသက်ပေး ချစ်လျက်နဲ့ ခွဲရတယ်ဆိုတာ အံ့သြစရာပဲ။

ကျွန်တော့်ရဲ့ တစ်သက်တာရည်မှန်းချက်ဟာ… ကျွန်တော့်ဖေဖေရဲ့ အယူအဆအတိုင်းပဲ။ စီးပွားရေးခေနေတဲ့မြန်မာပြည်ကို ထိပ်သီးမြန်မာအဖြစ်ရောက်ဖို့ ကျွန်တော် ကြိုးစားရမယ်။ မြန်မာလူထု လူတန်းစေ့ နေထိုင်ရေးအတွက် ကျွန်တော် လုံးပန်းရဦးမယ်။ အထူးသဖြင့် မြန်မာပြည် စက်မှုလက်မှုနိုင်ငံကြီးဖြစ်အောင် ကြိုးစားဖို့ ကျွန်တော့်လို ဦးနှောက်ကောင်းတဲ့ လူတွေက ကြီးမှူးရဦးမယ်။ ကျွန်တော် အခုတော့ဘာမှမတတ်သေးဘူး။ ဒါပေမဲ့ ပညာဆက်ရှာပြီး လုံးပန်းဖို့ တာဝန်ယူလိုက်မိတယ်။

ကျွန်တော် နွယ်နွယ့်ကိုမချစ်ဘူးမဟုတ်ပါဘူး။ ချစ်တာမှ အလွန်အကျူးပါပဲ။ ငယ်စဉ်ကတည်းက ချစ်လာတဲ့ အချစ်ကို တစ်ရက်တည်း… ဒါမှမဟုတ် တစ်လတည်းနဲ့ ဖျက်လို့လည်း ရတာမဟုတ်ပါဘူး။

ကျွန်တော့်ဘွက်ကိန်းအရ အိမ်ထောင်ရေးဟာ သ

www.burmeseclassic.com

www.burmeseclassic.com



မန်ကိစ္စ တစ်ခုပဲ ဖြစ်တယ်။ လောကကြီးမှာ လူတိုင်းလိုလို ပြုလုပ်နိုင်တဲ့ ကိစ္စ၊ လူတိုင်းလည်း ပြုလုပ်တဲ့ကိစ္စ။ ဒါပေမဲ့ ကျွန်တော်ဟာ လောကကြီးမှာ ရိုးရိုးမွေး၊ ရိုးရိုးနေ... ရိုးရိုး မသေချင်ဘူး။ ထူးကဲတဲ့ ကိစ္စတစ်ရပ်ကို ဆောင်ရွက်ပြီး ကျွန်တော့်နာမည်ကို ချန်ထားရစ်ခဲ့ချင်တယ်။

ခင်ဗျားတော့ နားထောင်ရတာ ငြီးလည်းငြီးငွေ့ရောပေါ့။ နားလည်မှာလည်း မဟုတ်ဘူး။ ဟုတ်တယ်၊ ကျွန်တော်ကိုယ်တိုင်တောင် တစ်ခါတစ်ရံ ပြန်ပြန်အံ့သြမိသေးတယ်။

နွယ်နွယ်က ကျွန်တော်နဲ့ အမြန်ဆုံး အိမ်ထောင်ပြုလိုက်ချင်တယ်။ အကယ်၍ ကျွန်တော်ဟာ အိမ်ထောင်ကျလိုက်ရင် ပညာကို ဆက်မသင်နိုင်ဘူး။ ပညာကို ဖယ်ပြီး ဝမ်းရေးကို ရှာဖွေရတော့မယ်...။

ပညာမစုံရင် ထူးချွန်တဲ့ အလုပ်ကို မလုပ်နိုင်ဘူး။ ထူးချွန်တဲ့အလုပ်ကို မလုပ်နိုင်ရင် ကျွန်တော့်ဦးနှောက်ကို ရေထဲလွှင့်ပစ်လိုက်သလို ဖြစ်မယ်။ တစ်သက်တာ ရည်မှန်းချက် ပျက်သွားမယ်။ ကျွန်တော့်နာမည်ဟာ ကျွန်တော် သေတာနဲ့ လောကကြီးက ပျောက်ကွယ်သွားမယ်။ ချောင်မှာ တိမ်မြုပ်နေ၊ ချောင်မှာပဲသေရင် ရခဲလှတဲ့ လူ့ဘဝကို ဖြုန်းတီးရာ ကျတော့မပေါ့။

အဲဒီအကြောင်းကြောင့် နွယ်နွယ့်ကို ဖြတ်လိုက်ဖို့ ဆုံးဖြတ်မိတဲ့အခါမှာ သူ့ဆီကို လုံးဝမသွားဖို့ စိတ်တင်းခဲ့တယ်။ ဘာကြောင့်လဲ ဆိုတော့ ဖြတ်သာဖြတ်ရတယ်။ အချစ်တုံးတာ မဟုတ်တော့... တွေ့ရင် စိတ်ပြန်လည်သွားမှာ စိုးလို့ပါ။

အဲဒီလို အကြာကြီးပဲ မသွားဘဲ နေခဲ့တာဟာလည်း အတော်အနေရကျပ်နေခဲ့တယ်။ တစ်သက်လုံး ချစ်လာတဲ့ လူကို တစ်လအတွင်း ဇွတ်အတင်းဖြတ်ရတာ လွယ်ကူတဲ့ ကိစ္စမဟုတ်တဲ့ ကြားထဲ... တစ်နေ့...ဗြုံးဆို... တင်မာနွယ် ကိုယ်တိုင် အိမ်ကို ရောက်လာခဲ့တယ်။

ကျွန်တော်လည်း အံ့အားသင့်နေခဲ့တယ်။ ဘာမှ စကားမပြောနိုင်ဘဲ ရှိနေပေမယ့် နွယ်နွယ်ဟာ အမူအရာ မပျက်ဘဲ....

"ကိုတင်...ဘာဖြစ်တာလဲအချစ်ရယ်... နေမကောင်းဘူးလား နွယ်နွယ်ဖြင့် စိတ်ပူတာနဲ့ လိုက်ခဲ့ရပြီ..." ပြောလိုက်တဲ့အခါမှာ ကျွန်တော့်အသည်းကိုမီးမြိုက်လိုက်သလိုပဲ အတော်ကြီး အနေကျပ်သွားတယ်။

"ဟုတ်...ဟုတ်တယ်... အလုပ်ကလည်း..." ဆိုပြီး ကျွန်တော်လည်း ထစ်ထစ်ငေါ့ငေါ့ အဆီအငေါ်မတည့် ပြောရင်းက သူ့ကိုထိုင်ခိုင်း တပည့်ကျော်ကို ကော်ဖီဖျော်ခိုင်းလို့ စကားတွေ ပြေပြစ်အောင် ဆက်ပြောနေပါတယ်။

စကားပြောရင်း ပြောရင်းပဲ နွယ်နွယ်ဟာ ရိပ်မိသွားတယ်။ အရင်ကဆို ချစ်သူတို့ဘာသာဘာဝ ဖက်လားပြုလားနဲ့ နေခဲ့သလောက် ကျွန်တော့်နေပုံက ခပ်မှန်မှန် ဖြစ်နေတော့ သူ့စိတ်ထဲ မသိုးမသန့် ဖြစ်လာတယ် ထင်ပါရဲ့။

စကားပြောနေရာက သူလည်း ထပြီး ကျွန်တော့်ကုလားထိုင်ဘေးနား ကပ်ထိုင်လိုက်တယ်။ သူ့ကိုယ်က ပေါင်ဒါနံ့ကလေးက ကျွန်တော်ဆီကို ဝဲလာပြီး မြူသလိုလို ဖြစ်သွားတော့ ကျွန်တော်လည်း အတော်ပဲ အနေခက်သွားတယ်။ အဲဒီအတွက် သတိထားပြီး ကိုယ်ကို ကျုံ့ကျုံ့ကလေးနေရာက ရှောင်ထသွားတဲ့အခါမှာ တင်မာနွယ်ခမျာ မျက်နှာကလေး ပျက်သွားရှာတယ်။

နောက်တအောင့်လောက်ကြာတော့...နွယ်နွယ်က "ကိုတင်...ချစ်တငွေ့ငွေ့သီချင်း တီးပြစမ်းပါ"လို့ တောင်းပန်တယ်။ ကျွန်တော်လည်း အသက်ရှူရ ချောင်သလို ဖြစ်သွားပြီး ဝမ်းသာအားရနဲ့ စန္ဒရားရှိရာ ထသွားမိတယ်။ သူနဲ့သာ ဆက်ပြီး ထိုင်စကားပြောနေရရင်... ကျွန်တော်လည်း ရဟန္တာမဟုတ်တော့ အခက်သားပဲ။

ခလုတ်ကလေးတွေကို တို့စမ်းပြီးတဲ့နောက် သူကြားချင်တဲ့ "ချစ်တငွေ့ငွေ့" သီချင်းကို တီးပြလိုက်တယ်။ ပထမတစ်ပိုဒ်၊ နောက် ပြန်ကျော့ပိုဒ်၊ နောက်ဒုတိယပိုဒ်က....

"သူဇာမေလို...ယှဉ်ကာပုံနှိုင်းပေတယ်။ မာယာဝေဆာမြူခဲ့ တီတာပေတယ်၊ မြင်းမိုရ်ပုံနှယ်။ ချစ်သွေးရောင်၊ ဟန်ဆောင်တယ်... ခရိုန်ခါမယ်... ပစ်အားရက်လှပေတယ်..."ဆိုတဲ့ အနားရောက်တော့... နောက်ကို လှည့်အကြည့်...တင်မာနွယ် မရှိတော့ဘူး။ သူ ကျွန်တော် တစ်ခါက ပြုလုပ်ခဲ့တဲ့နည်းနဲ့ပဲ ကျွန်တော်ဆီက ခွဲသွားခဲ့ပြီ။

နောက်တစ်နေ့မှာ သူ့ဆီက လူလွှတ်ပြီး စာတစ်စောင် ပို့လိုက်တယ်။ အဲဒီစာထဲမှာဆိုရင် ကျွန်တော်ဟာ သူ့အပေါ် အချစ်တုံးပြီလို့ သူ ယူဆမိတဲ့အကြောင်း၊ ကျွန်တော်ရဲ့ နေပုံထိုင်ပုံအတွက် သူအံ့သြနေမိတဲ့အကြောင်း၊ မချစ်ရင်မချစ်တော့ဘူးလို့ ပြောသင့်တဲ့အကြောင်း၊ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



၍ သူနဲ့ ဖြတ်ချင်ပြီဆိုရင် သူ့ထံစာမပြန်ဖို့... ချစ်ငွေ့ မပြယ်သေးရင် နောက်နှစ်ရက်အတွင်း သူ့ဆီလာလည်ဖို့ ရေးထားရှာတယ်။ စာတစ်စောင်လုံးဟာ သနားစရာကလေးပါပဲ။ ကျွန်တော်လည်း ယောကျ်ားမို့သာ... မျက်ရည်မကျတယ်။ ဒါပေမဲ့ အဆွေးခါတ် ကြွတာဟာ မျက်ရည်ကျတာထက် ထိခိုက်ပါသေးတယ်။

နောက် သူ့ဆီ စာလည်းမပြန်၊ သွားလည်းမသွားတော့ အဓိပ္ပာယ်ဟာ လုံးဝ ရှင်းသွားတယ်။ ဒီတော့ သူ့ဆီက နောက်ဆုံးစာ ရောက်လာခဲ့တယ်။ ဟောဒါပဲဗျ။ ဖတ်ကြည့်ပေတော့ဗျာ...။

ကျွန်တော်လည်း ကိုတင်လှိုင်၏ လက်တွင်းမှ စာကို ယူ၍ကြည့်လိုက်ရာတွင် ယောကျ်ားလက်ရေးနှင့်ဆင်ဆင်... မလှသည့်တိုင်အောင် ညီညာသော စာလုံးများကို တွေ့ခဲ့ရပါသည်။

*မောင်ကတော့ နွယ်နွယ့်အပေါ် အချစ်တုံးလို့ မှန်းသွားပြီပေါ့။ နွယ်လေ ... မောင်လာမယ်ထင်ပြီး မျှော်နေခဲ့သေးတယ်။ နောက် ရက်လွန်တဲ့အခါ စာလည်းမလာ၊ လူလည်း မရောက်လာတော့မှပဲ စိတ်နှလုံး ဒုံးဒုံးချပြီး ဆွေးစိတ်တွေ ကြွယ်ခဲ့ရတော့တာပဲ။*

*မောင်နဲ့ နွယ်နွယ်ဟာ အခုထက်ထိ ဒါလောက် ချစ်လာကြပြီးတော့မှ ဖြုံးခနဲ အခုလို ပြောင်းလဲသွားပုံကို နွယ်နွယ် အံ့သြလို့မဆုံးဘူး။ ဘာလဲ... မောင်... နောက်တစ်ယောက် တွေ့လို့လား။ ဒါမှမဟုတ်ရင် နွယ်နွယ်တို့ တဲစုတ်အတွက် ရှက်လို့လား။*

*အို...မမေးတော့ပါဘူးမောင်ရယ်။ မောင့်ကို နွယ်နွယ် မမေးတော့ပါဘူး။ မောင့်ကို မနှောင့်ယှက်ချင်တော့ပါဘူး။ ဒါပေမဲ့ နွယ်နွယ်တစ်ခုတော့ တောင်းပန်ပါရစေ။*

*မောင်က နွယ်နွယ်နဲ့ အဆက်ဖြတ်ပေမဲ့ နွယ်ကတော့ မောင့်အပေါ်ချစ်နှံ့မပြယ်ပါဘူး။ အထူးသဖြင့် မောင့်ကို မြင်ရင် ပိုပြီးဆွေးရလိမ့်မယ်။*

*ဒါကြောင့် နောင်ကို နွယ်နွယ့်ဆီ မလာပါနဲ့တော့။ နွယ်နွယ်ကို မတွေ့ပါနဲ့။ မောင့်ကို မုန်းသွားလို့ အခုလိုရေးရတာ မဟုတ်ပါဘူး။ မောင့်ကိုမြင်ရင် နွယ်နွယ့်အချစ်ဒဏ်ရာဟာ အဟောင်းကအသစ် ဖြစ်ဖြစ်နေမှာ စိုးလို့ပါ။*

နွယ်နွယ်

ကျွန်တော်သည် အထက်ပါ စာကလေးကို ဖတ်ပြီးသည့်နောက်၊ ကိုတင်လှိုင်အား လှမ်း၍ ကြည့်လိုက်မိပါသည်။ ကိုတင်လှိုင်ကား ယခင်ထိုင်နေသည့် နေရာတွင် မရှိတော့ဘဲ စန္ဒရားရှေ့တွင် ရောက်နေပါသည်။

"နေညို–ချိန်ခါ... တိမ်ပြာ ပျံ့ဝဲကာရယ်၊"

သူသည် ချစ်တငွေ့ငွေ့ သီချင်းကို တီးနေပါသည်။ ဝင်လုဆဲဆဲ နေရောင်ခြည်သည် ပြတင်းပေါက်မှနေ၍ သူ့မျက်နှာတည့်တည့်ကို ထိုးထားသဖြင့်၊ တစ်ခြမ်းရဲကာ တစ်ဝက်မည်း၍ နေပါသည်။

၎င်းသည် ယခုအခါ လူသိများသော စာရေးဆရာဖြစ်လျက်၊ တက္ကသိုလ်တွင် ပညာဆည်းပူးဆဲ ဖြစ်ပါသည်။ ပထမနှစ်သိပ္ပံကျောင်းသား ဖြစ်လျက် တက္ကသိုလ်တွင်လည်း အထူးထင်ရှားပါသည်။ ၎င်း၏ ကြိုးစားမှုအတွက် အထူးဝမ်းမြောက်ကာ နောင်တစ်ခေတ် လောကခါတ်မြန်မာပြည်ကို ခေါင်းဆောင်မည့် ပုဂ္ဂိုလ်ဟု ချီးကျူးလျက် ရှိနေကြပါသည်။

ယခုကဲ့သို့ သူ၏ ဝမ်းတွင်းမှ ရည်မှန်းချက်ကို အန်ထုတ်လိုက်သည့်အခါတွင် ကျွန်တော့်မှာ အံ့သြခြင်းဖြင့် အတိလွှမ်း၍ သွားပါသည်။

စီးကရက်မီးခိုးငွေ့တို့သည် သူ့ခေါင်းတစ်ဝိုက်တွင် ရစ်သိုင်းနေပါသည်။ သူ၏စန္ဒရားသံမှာ ပြင်းထန်သည်ထက် ပြင်းထန်လာကာ နောက်ဆုံး ဂျုံးခနဲ မြည်အောင် တီးလျက် ရပ်လိုက်ပါသည်။ ၎င်းနောက် သူသည် ကျွန်တော့်ထံသို့ တဖြည်းဖြည်း လျှောက်လာပါသည်။

"ဘာလဲ... ကိုရဲခေါင်...ခင်ဗျား မယုံဘူးလား၊ ကျွန်တော်ဟာ တခြားသဘောထားသေးတဲ့ အကြောင်းတစ်ရပ်ကြောင့် တင်မာနွယ်နဲ့ ခွဲလာတယ်။ နောက်ကျမှ ကိုယ့်ဂုဏ်ကို ကိုယ်ဆယ်ဖို့ ညာဝါးပြီး၊ ယုတ္တိယုတ္တာရှိအောင် ပြောနေတယ်လို့ ခင်ဗျားယူဆသလား"ဟု၍ မေးလိုက်သောအခါတွင်ကား ကျွန်တော်သည် သာလွန်၍ အံ့အားသင့်သွားရပြန်သည်။ ၎င်းသည် စိတ်မလုံသဖြင့် ထိုကဲ့သို့ မေးခြင်းလော။ အိုးမလုံသဖြင့် အုံပွင့်ခြင်းလော။

ကျွန်တော်သည် ကိုတင်လှိုင်အား ဖျောင်းဖျ ပြော

www.burmeseclassic.com

www.burmeseclassic.com



ဆိုကာ ၄င်း၏အိမ်မှ နှုတ်ဆက်ထွက်ခွာလာခဲ့ပါသည်။ နောက် ၃ ရက် အကြာတွင် အထက်ပါအပိုဒ်များကို ရေးသား ပြီးစီးပါသည်။

သို့ရာတွင် နောက်ဆုံး သူ၏ စကားများသည်၊ စိတ်မသန့်ဖွယ်ရာ ဖြစ်နေပါသည်။ သူသည် အဘယ်ကြောင့် တင်မာနွယ်ကို အဆက်ဖြတ်ရသနည်း။

သူ၏ အပြောအဆိုများသည် ယုံနိုင်ဖွယ်ရာ ရှိပါ၏လော။ ရည်မှန်းချက်တစ်ရပ်ကြောင့် တစ်သက်လုံး ချစ်လာရသော အချစ်ဦးကို စွန့်နိုင်၊ မစွန့်နိုင်....။ ထိုသို့ အချစ်ကို ဖျက်နိုင်က ၄င်း၏လမ်းစဉ်၊ ၄င်း၏တွက်ကိန်းများသည် မှန်...မမှန် အစရှိသည်တို့ကို တတွေးတောတောငေးမောရှိသာ နေမိသည့်အတိုင်း...။

ကျွန်တော် စဉ်းစား၍ မရသော အချက်များကို ရှုမဝပြဿနာ အခန်းမှနေ၍၊ စာဖတ်ပရိသတ်ထံ အကူအညီတောင်းလိုက်ချင်သော စိတ်သာ ပေါ်ပေါက်မိပါတော့သတည်း။

❖

BURMESE CLASSIC .com

www.burmeseclassic.com